# MAEX

MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED

## 5th ANNUAL GENERAL MEETING

(Online Meeting)

8th JUNE 2021 (TUESDAY)

(10:00 A.M)

---

SHAREHOLDERS ONLINE REGISTRATION

(17-5-2021 TO 28-5-2021)

---

“အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်း/အကြံပြုလိုသည်များရှိပါက (၃၁-၅-၂၀၂၁)ရက်နေ့(တနင်္လာနေ့)

ညနေ(၄:၃၀) နာရီ နောက်ဆုံးထား၍ ho@maex.com.mm သို့ ပေးပို့နိုင်ပါသည်”

“For any questions or suggestions, please kindly send to ho@maex.com.mm

Latest 4:30 pm on 31th May 2021”

# ဖိတ်ကြားလွှာ

မြန်မာအက်ဂရီ အိတ်(စ်)ချိန်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်( MAEX )၏

ပဉ္စမအကြိမ်မြောက် အထွေထွေအစည်းအဝေးကို

**COVID 19** ဗိုင်းရပ်စ် ပျံ့နှံ့မှုအား ကာကွယ်နိုင်ရန်အတွက် လူမှုရေးအကွာအဝေး လမ်းညွှန်ချက်များနှင့်အညီ

အွန်လိုင်းအသုံးပြု၍ ၈-၆-၂၀၂၁ ရက်နေ့(အင်္ဂါနေ့)နံနက်(၁၀:၀၀)နာရီတိတိအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍

အစုရှယ်ယာရှင်များ သိရှိနိုင်ပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၀၂၁ ခုနှစ်၊ ဇွန်လ ( ၈ )ရက်(အင်္ဂါနေ့) |
| အစည်းအဝေးစတင်မည့်အချိန် | - | နံနက်(၁၀:၀၀)နာရီတိတိ |
| ကျင်းပမည့်ပုံစံ | - | ZOOM WEBINAR |

- MAEX Co.,Ltd. ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးနှင့်ပတ်သက်သည့်အချက်အလက်များကို အစုရှယ်ယာရှင်များသိရှိ၍ အစည်းအဝေး တက်ရောက်ရန်အတွက် Online Registration ပြုလုပ်နိုင်ရန် (၁၇-၅-၂၀၂၁)ရက်နေ့တွင် Website တွင် တင်ပြထားမည့်အပြင်အစုရှယ်ယာရှင်များ၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မှတ်ပုံတင်ထားသောတယ်လီဖုန်းနံပါတ်များသို့လည်း SMS ပေးပို့ အကြောင်းကြားသွားမည်ဖြစ်ပါသည်။
- ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် အရွေးချယ်ခံမည့် ဒါရိုက်တာအဖွဲ့အား ဆန္ဒမဲပေးနိုင်ရန်နှင့် အစည်းအဝေးတက်ရောက်နိုင်ရန်အတွက် Online Registration ပြုလုပ်ထားသော အစုရှယ်ယာရှင်များ၏ တယ်လီဖုန်းနံပါတ်များသို့ SMS ဖြင့် Voting Link နှင့် Zoom Link များအား AGM အစည်းအဝေးမကျင်းပမီ (၇-၆-၂၀၂၁)ရက်နေ့တွင် ထပ်မံပေးပို့သွားမည်ဖြစ်ပါသည်။
- ဒါရိုက်တာအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည် အစီရင်ခံစာအား အစုရှယ်ယာရှင်များ သိရှိနိုင်ရန်အတွက် www.facebook.com/maexplc နှင့် www.maex.com.mm ၌ ( ၂၁-၅-၂၀၂၁ ) နေ့တွင်တင်ထားပေးမည်ဖြစ်ပါသည်။

# MAEX ၏ ပဥ္စမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင်

# ဆောင်ရွက်မည့်ကိစ္စရပ်များ

၁။ ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်နေ့ ကုန်ဆုံးသော ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းအား အတည်ပြုခြင်း။

၂။ အစုရှယ်ယာရှင်များ၏ အမြတ်ဝေစု ခွဲဝေခြင်းအား ကြေညာခြင်း။

၃။ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်ဒါရိုက်တာအဖွဲ့၏၃ပုံ ၁ပုံ ရှိသောဒါရိုက်တာ(၄)ဦးနှုတ်ထွက်ခြင်းနှင့်၂၀၂၀-၂၀၂၁ခုနှစ်အတွက်ဒါရိုက်တာအဖွဲ့ဝင်သစ်များခန့်အပ်ခြင်းနှင့်အတည်ပြုခြင်း။

၄။ ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် လွတ်လပ်သောဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်ခြင်းနှင့်အတည်ပြုခြင်း။

၅။ ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် ပြင်ပစာရင်းစစ် Win Thin & Associate Audit Firm ကိုခန့်အပ်ခြင်းနှင့် အတည်ပြုခြင်း။

## Agenda of MAEX 5th Annual General Meeting

1. Shareholder's Approval of Director's Report and Financial Statements of FY 2019-2020 ended 30$^{th}$ September 2020.
2. Announcement of Shareholder's Dividend.
3. Shareholder's Approval for the Resignation of Directors which is one-third of the total Directors (4-Directors) and for Election and Appointment of BOD Member for FY 2020-2021.
4. Shareholder's Approval for the Resignation & Appointment of Independent Directors for FY 2020-2021.
5. Shareholder's Approval for Appointment Auditor," Win Thin & Associates Audit Firm" for FY 2020-2021.

" အစုရှယ်ယာရှင်များအနေဖြင့် မေးမြန်း အကြံပြုလိုသည်များရှိပါက (၃၁-၅-၂၀၂၁) ရက်နေ့ (တနင်္လာနေ့)၊ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်"
"For any questions or suggestions, please kindly send them by 4:30 pm on 31$^{th}$ May 2021."

ဒါရိုက်တာအဖွဲ့

Myanmar Agro Exchange Public Co., Ltd.

# အစုရှယ်ယာရှင်များအားအသိပေးခြင်း

၁။ မြန်မာအက်ဂရို အိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ပဉ္စမအကြိမ်မြောက် အထွေထွေအစည်းအဝေးကို COVID 19 ဗိုင်းရပ်(စ်) ပျံ့နှံ့မှုအား ကာကွယ်နိုင်ရန်အတွက် လူမှုရေးအကွာအဝေး လမ်းညွှန်ချက်များနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ အာဏာပိုင်များ၏ လမ်းညွှန်ချက်များနှင့်အညီ Online အသုံးပြုပြီး ၈-၆-၂၀၂၁ ရက်နေ့(အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီတိတိအချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဒါရိုက်တာအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစီရင်ခံစာကို ၂၁-၅-၂၀၂၁ ရက်နေ့တွင် www.maex.com.mm ၌ တင်ပြထားပေးမည်ဖြစ်ပါသည်။

၃။ **အစုရှယ်ယာရှင်များ၏အကြံပြုချက်/မေးမြန်းချက်များကို ၃၁-၅-၂၀၂၁ ရက်နေ့ (တနင်္လာနေ့)ညနေ (၄:၃၀)နာရီ နောက်ဆုံးထားပြီး** ကုမ္ပဏီသို့ စာဖြင့်သော်လည်းကောင်း၊ Email လိပ်စာ ho@maex.com.mm သို့လည်းကောင်း ရေးသားပေးပို့နိုင်ပါသည်။

၄။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရ ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသူသည် အစုရှယ်ယာအရေအတွက် (၂၅,၀၀၀)ပိုင်ဆိုင်သူဖြစ်ရန် လိုအပ်ပြီး MAEX Website ဖြစ်သော www.maex.com.mm သို့ ဝင်ရောက်၍ သတ်မှတ်ထားသည့် ဖောင်ပုံစံအား Download ပြုလုပ် ဖြည့်စွက်ပြီး လျှောက်ထားနိုင်ပါသည်။ **ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံလိုသူများအနေဖြင့် ၂၈-၅-၂၀၂၁ ရက်နေ့ (သောကြာနေ့)ညနေ(၄:၃၀)နာရီထက်နောက်မကျဘဲ** နောက်ဆုံးထား၍ Email လိပ်စာ ho@maex.com.mm သို့ ပေးပို့ရပါမည်။ သတ်မှတ်အချိန်ထက် ကျော်လွန်ပါက အတည်ပြုလက်ခံမည် မဟုတ်တော့ပါ။

၅။ အစုရှယ်ယာရှင်များ၏ ဆန္ဒမဲဖြင့် ဒါရိုက်တာ အဖွဲ့ဝင်သစ်များကို ရွေးချယ်နိုင်ရန် Online Register ပြုလုပ်ရမည်ဖြစ်ပြီး **မှတ်ပုံတင်ခြင်းကို ၂၈-၅-၂၀၂၁ ရက်နေ့ (သောကြာနေ့)ညနေ(၄:၃၀)နာရီထက် နောက်မကျဘဲ နောက်ဆုံးထား၍** MAEX Website ဖြစ်သော www.maex.com.mm သို့ ဝင်ရောက် ဆောင်ရွက်နိုင်ပါသည်။

၆။ Online Registration ပြုလုပ်ရန် အခက်အခဲရှိသည့် အစုရှယ်ယာရှင်များအနေဖြင့် MAEX ၏ Viber Phone Number; 09 889955485 ,09 889955486 များသို့ အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်းကို ရှေ့နောက် ဓါတ်ပုံရိုက်၍ အမည်၊ မှတ်ပုံတင်အမှတ်နှင့် မိုဘိုင်းဖုန်းနံပါတ်တစ်ခုဖြင့်သာ အစုရှယ်ယာရှင်ကိုယ်တိုင် စာရင်းပေးသွင်း ဆောင်ရွက်နိုင်ပါသည်။

၇။ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး(AGM) နှင့်ပါတ်သက်၍ အသေးစိတ် သိရှိလိုသည်များရှိပါက MAEX ၏ ရှယ်ယာဌာနမှ တာဝန်ခံမန်နေဂျာ၏ Phone Number; 09 250365664 နှင့် ရုံး Phone Number; 01 503928,01 503929 များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

MYANMAR AGRO EXCHANGE PUBLIC COMPANY LIMITED.
No. 262-264, Pyay Road, Dagon Centre (1), Block (A), 4th Floor, Sanchaung Township, Yangon, Myanmar.
Tel : 95-1-503928, 503929, 514226 Fax : 95-1-516616

သို့

မြန်မာအက်ဂရို အိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

ရက်စွဲ။ ။၂၀၂၁ ခုနှစ်၊ ( ) လ ( )ရက်။

## ဒါရိုက်တာအဖွဲ့ဝင်အဖြစ် ပါဝင်အရွေးခံရန် အဆိုပြုလွှာ

လူကြီးမင်းခင်ဗျား.....

မြန်မာအက်ဂရို အိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်တွင် ယင်းကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာလျက် ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် ဒါရိုက်တာအဖွဲ့ဝင်သစ်များ ပြန်လည်ရွေးချယ်ခန့်အပ်ရာတွင် ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင် အရွေးချယ်ခံလိုကြောင်း အဆိုပြုပါသည်။

အဆိုပြုသူလက်မှတ် ---------------------------------------------

အဆိုပြုသူအမည် ---------------------------------------------

မှတ်ပုံတင်အမှတ် ---------------------------------------------

နေရပ်လိပ်စာ ---------------------------------------------

---

<u>ဒါရိုက်တာအဖြစ် အရွေးခံရန် အဆိုပြုနိုင်သည့် အစုရှယ်ယာရှင်၏</u>

<u>အရည်အချင်း သတ်မှတ်ချက်နှင့် စည်းကမ်းချက်များ</u>

၁။ အစုရှယ်ယာအရေအတွက် နှစ်သောင်းငါးထောင်(၂၅,၀၀၀)နှင့်အထက် ပိုင်ဆိုင်ရမည်။

၂။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပြဋ္ဌာန်းထားသည့် ဒါရိုက်တာအရည်အချင်းနှင့် ပြည့်မီ၍ သတ်မှတ်စည်းမျဉ်း စည်းကမ်းများအား လိုက်နာနိုင်သူဖြစ်ရမည်။

၃။ အဆိုပြုလွှာနှင့်အတူ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓါတ်ပုံ(၂)ပုံ ပါရှိရမည်။

၄။ ပူးတွဲပါ ကိုယ်ရေးမှတ်တမ်းအကျဉ်းတွင် ပြည့်စုံစွာ ဖြည့်စွက်၍ ပြန်လည်ပေးပို့ရမည်။

၅။ ၂၈-၅-၂၀၂၁ ရက်နေ့ (သောကြာ) ညနေ(၄:၃၀) နာရီထက်နောက်မကျဘဲ **Email** လိပ်စာ ho@maex.com.mm သို့ နောက်ဆုံးထား ပေးပို့ရန်နှင့် ၎င်းအချိန်ထက် ကျော်လွန်ပါက အတည်ပြုလက်ခံမည် မဟုတ်တော့ပါ။

မြန်မာအက်ဂရိအိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

၂၀၂၀-၂၀၂၁ ခုနှစ်အတွက် ဒါရိုက်တာအဖြစ် ပါဝင် အရွေးခံလိုသူ၏

ကိုယ်ရေးမှတ်တမ်းအကျဉ်း

ဓါတ်ပုံကပ်ရန်

၁။ အမည် - ------------------------------------------

၂။ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် - ------------------------------------------

၃။ မွေးသက္ကရာဇ် - ------------------------------------------

၄။ ပညာအရည်အချင်း - ------------------------------------------

၅။ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ - ------------------------------------------

၆။ မိဘအမည်၊ ကိုးကွယ်သည့်ဘာသာ - ------------------------------------------

၇။ လက်ရှိနေရပ်လိပ်စာ - ------------------------------------------

- ------------------------------------------

၈။ ဆက်သွယ်ရန် ဖုန်းနံပါတ် - ------------------------------------------

အီးမေးလ် - ------------------------------------------

၉။ ဝယ်ယူထားသည့် အစုရှယ်ယာလက်မှတ် - ------------------------------------------

အမှတ်နှင့် အရေအတွက် - ------------------------------------------

၁၀။ ကုမ္ပဏီလုပ်ငန်း အတွေ့အကြုံ - ------------------------------------------

(နောက်ဆက်တွဲဖြင့် ဖော်ပြနိုင်ပါသည်) - ------------------------------------------

၁၁။ အခြားလုပ်ငန်း အတွေ့အကြုံ

(နောက်ဆက်တွဲဖြင့် ဖော်ပြနိုင်ပါသည်) - ------------------------------------------

၁၂။ အထက်ဖော်ပြပါ အကြောင်းအရာပါများမှာ မှန်ကန်ပါကြောင်းနှင့် ဒါရိုက်တာအဖြစ် ရွေးချယ်ခံရပါက လက်ခံဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

အဆိုပြုသူ အစုရှယ်ယာရှင်၏ လက်မှတ်

------------------------------------------

ရက်စွဲ။ ။ ၂၀၂၁ ခုနှစ်၊ ( ) လ ( ) ရက်။